# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 3, 2020 Volume 35, Number 3


| ၃.၉.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၄/- ကျပ် |
| CBM Rate | = ၁၃၂၃.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၁.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၄.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၄၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၀၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၃၂၂ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂-လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



၂၀၂၀ ပြည့်နှစ်၊ စက်တင် ဘာလ ၂ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ အချိန်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ NEDA – Neighbouring Countries Economic Development Cooperation Agency တို့အကြား ဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်းနယ်စပ်(ထီးခီး)သို့ ဆက်သွယ်ဖောက်လုပ်မည့် ၂-လမ်းသွား ကားလမ်း စီမံကိန်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာ–ထိုင်း နယ်စပ် (ထီးခီး) သို့ ဆက်သွယ်ဖောက်လုပ်မည့် ၂-လမ်းသွား ကားလမ်းစီမံကိန်း ဖောက်လုပ်ရေးနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ NEDA နှင့် ညှိနှိုင်းဆွေးနွေးခြင်း တိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားပြီးဖြစ်သည့်ချေးငွေကို ထိုင်းနိုင်ငံမှ ရရှိရေး အတွက် NEDA နှင့် ညှိနှိုင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ ၂-လမ်းသွား ကားလမ်းဖောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှု

ဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုဆွေးနွေးကြကာ အစည်းအဝေးကို (၁၁:၁၅) နာရီတွင် ရုပ်သိမ်းခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.facebook.com/ပြည်တွင်းပြည်ပ (စီးပွား/ကူးသန်း)

## ရန်ကုန်တိုင်းဒေသကြီးတွင် CMP လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ၆ခု အတည်ပြု

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ၁၄/၂၀၂၀ ကြိမ်မြောက် အစည်းအဝေးမှအတည်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖော်ပြအပ်ပါသည်။ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ကိုင်မည့် Jun Sheng Garment Company Ltd သည် ရွှေလင်ဗန်း စက်မှုဇုန် လှိုင်သာယာမြို့နယ်တွင် လုပ်ကိုင်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၄၂၀ သန်းဖြစ်ပြီး ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်မည့် 3R Non Woven Manufacture Company Limited သည် ဒဂုံမြို့သစ် တောင်ပိုင်း စက်မှုဇုန်တွင်လုပ်ကိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ သန်း ဖြစ်သည်။ ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖြစ်သည်။ ဝါးတရာ စက်မှုဇုန် ရွှေပြည်သာမြို့နယ်တွင်လုပ်ကိုင်မည့် Kai-Xin Enterprise Company Limited သည် CMP စနစ်ဖြင့် modern Furniture အမျိုးမျိုး ထုတ်လုပ်မည့်လုပ်ငန်းဖြစ်ပြီး ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၄.၅၃၂ သန်း ရင်းနှီးမြှုပ်နှံမှု ပြုမည် ဖြစ်သည်။ CMP စနစ်ဖြင့် artificial jewellery ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်မည့် B.C.C. Jewelry MFG. Company Ltd နိုင်ငံခြားဖက်စပ်ရင်းနှီးမြှုပ်နှံမှု ပြုခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃ သန်း ရင်းနှီးမြှုပ်နှံမှုပြုမည်ဖြစ်သည်။ ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ စက်မှုဇုန်တွင်လုပ်ကိုင်မည်ဖြစ်သည်။ နမ်းဆီ၊ နမ်းဆီဖွေး၊ နမ်းကွတ်ကီးထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်လုပ်ငန်းဖြစ်သည့် Miyako Food Myanmar Company Limited သည် နိုင်ငံခြားဖက်စပ်ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၀.၇ သန်း ရင်းနှီးမြှုပ်နှံမှုပြုမည်ဖြစ်သည်။ စက်မှု ဇုန် အပိုင်း(၁) ရွှေပြည်သာမြို့နယ်တွင် လုပ်ကိုင်မည်ဖြစ်သည်။

ဆန်ကြိတ်ခွဲထုတ်လုပ်မည့် Myanmar Agribusiness Public Company Ltd သည် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဖြစ်ပြီး ကျပ် သန်း ၆၀၀၀ ရင်းနှီးမြှုပ်နှံမှုပြုမည်ဖြစ်သည်။ စက်မှုဇုန်(၁) လှိုင်သာယာတွင် လုပ်ကိုင်မည် ဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုပြုခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၁၈၁၈ ခု ဖန်တီးပေးနိုင်မည်ဟုသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၁,၄၀၀ ဘီလီယံကျော်ရှိကြောင်း၊ ၎င်း ပမာဏသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ငွေကျပ် ၂၀၀ ဘီလီယံ ပိုမိုဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှသိရသည်။

ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့သည့်ကဏ္ဍများမှာ စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်မှုဖွံ့ဖြိုးမှုကဏ္ဍနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတို့ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ၊ သတ္တုကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက် ရှိကြောင်းသိရသည်။

**Source:** https://www.textiledirectory.com.mm/industry-news/local-industry/item/3357-six-investments-approved,-including-cmp-in-yangon.html

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်လုပ်ဆောင်နေ

COVID-19 ကပ်ရောဂါ ပြည်တွင်းကူးစက်မှုမြင့်တက်လာချိန်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ရပ်နားမှုမရှိဘဲ ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်နေကြောင်း မူဆယ်မြို့မှကုန်သည်အချို့ကပြောသည်။ ပြီးခဲ့သည့် ရက်ပိုင်းက

နယ်စပ်ကုန်သွယ်ရေး ရပ်နားမည်ဆိုသည့် သတင်းများထွက်ပေါ်လာသော်လည်း တရုတ်နှင့်မြန်မာအစိုးရက တရားဝင်အကြောင်းကြားအသိပေးခြင်းမရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ "ကောလာဟလသတင်းပါ။ လုံးဝမဟုတ်ပါဘူး" ဟု ၎င်းကဆိုသည်။

တရုတ်နိုင်ငံက သွင်းကုန်တိုးမြှင့်တင်သွင်းရန် စီစဉ်နေသဖြင့် နယ်စပ်ကုန်သွယ်ရေးကို လတ်တလောတွင်ပိတ်ဆို့ရန်မဖြစ်နိုင်သေးကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ ဆန်အပါအဝင် လယ်ယာထွက်ကုန်အချို့ကို ယူနန်ပြည်နယ်အတွက် မြန်မာနိုင်ငံမှသာမက ဗီယက်နမ်နိုင်ငံ မှလည်း တင်သွင်းနေသည်ဟု မူဆယ်နယ်စပ်မှကုန်သည်အချို့ကပြောသည်။ တရုတ်ကုန်သည်များက မြန်မာနိုင်ငံမှ တစ်ရက်လျှင် ဆန်ကွဲအိတ်ရေ တစ်သောင်းခွဲ၊ ဆန်အိတ်ရေတစ်သောင်း ဝယ်ယူနေသည်ဟု ဦးမင်းသိန်းကပြောသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ၁၈ ခုတွင် မူဆယ်၊ ရွှေလီ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကကုန်သွယ်မှုပမာဏအများဆုံးဖြစ်သည်။ ယခုဘဏ္ဍာနှစ် ၁၀လကျော်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံကျော်ရှိပြီး လူသုံးကုန်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းမျိုးစုံ ၁ ဒသမ ၆ ဘီလီယံ ကျော်တန်ဖိုးရှိကိုတရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းထားသည်။ COVID ကုန်သွယ်ရေးဟု ဒေသခံကုန်သည်များ အမည်ပေးထားသောယဉ်မောင်းလဲလှယ်စနစ်ဖြင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေကြောင်း မူဆယ်မြို့မှစီးပွားရေး လုပ်ငန်းရှင် အချို့က ပြောသည်။

Source: https://7day.news/detail?id=197744

## အိန္ဒိယအစိုးရ၏ မတ်ပဲတင်သွင်းရန် အချိန်ကန့်သတ်ချက်ပြည့်သွားသော်လည်း ပုံမှန်ဝယ်လိုအားရှိနေဟုဆို

အိန္ဒိယအစိုးရ၏ မတ်ပဲတင်သွင်းရန် သုံးလအချိန်ကန့်သတ်ချက် ပြည့်သွားသော်လည်း ပြည်တွင်းတွင် မတ်ပဲဝယ်လိုအားပုံမှန်အခြေအနေတွင်ရှိနေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ ဇွန်လက စတင်သော အိန္ဒိယအစိုးရ၏ မတ်ပဲတန်လေးသိန်း တင်သွင်းမည့်ကြေညာချက်သည် ဩဂုတ် ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးသည်။ အိန္ဒိယသည် သုံးလအတွင်း မတ်ပဲတန်ချိန် တစ်သိန်းကျော်သာတင်သွင်းနိုင်ခြင်းကြောင့် ပြည်ပမှ ပဲတင်သွင်းသည့် အိန္ဒိယကုန်သည်များက အစိုးရ၏မတ်ပဲတင်သွင်းခြင်းကို အချိန်ထပ်တိုးပေးရန် မျှော်လင့်နေကြသည်။ "သူတို့ ဘက်ကကုန်သည်တွေက အချိန်တိုးပေးမယ်လို့တော့ ပြောထားတယ်။ အခုအချိန်ထိလည်း သူတို့ဘက်က ဝယ်လိုအား ရှိနေတယ်"ဟု ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယအစိုးရသည် မတ်ပဲတင်သွင်းရန် ကန့်သက်ချက်ထုတ်ပြန်ပြီးနောက် အိန္ဒိယ ပဲကုန်သည်များကို သွင်းကုန်လိုင်စင်ချထားပေးမှု အချိန်နောက်ကျခဲ့ခြင်း၊ ပဲစင်းငုံ တန်လေးသိန်းတင်သွင်းရန် လိုင်စင်ချထားပေးမှုမရှိသေးခြင်းတို့ကြောင့် အချိန်ထပ်မံတိုးပေးနိုင်မည်ဟု အိန္ဒိယပဲကုန်သည်များက မျှော်လင့်နေကြောင်း ၎င်းကဆိုသည်။ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့တွင် မိုးစပါးရိတ်သိမ်းပြီးချိန်၌ မတ်ပဲကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည်။

မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန်လေးသိန်းကျော် စိုက်ပျိုးထုတ်လုပ်သည်။ နွေဦးရာသီတွင် မတ်ပဲအသစ်များ ဈေးကွက်အတွင်းသို့ ရောက်ရှိလာပြီးနောက် ကုန်သည်များက ဝယ်ယူသိုလှောင်၍ အိန္ဒိယသို့တင်ပို့ကြသည်။ လက်ရှိတွင် အိန္ဒိယသို့ မတ်ပဲရောင်းချမှုက တစ်ပတ်လျှင် ကွန်တိန်နာအလုံး ၄၀ မှ ၅၀ အကြားရှိနေသည်။ အိန္ဒိယကုန်သည်များက မြန်မာမတ်ပဲကိုတစ်တန်လျှင် ဒေါ်လာ ၇၂၀ ဈေးဖွင့်ပြီး ဝယ်ယူသည်။ ပြည်တွင်းငွေလဲနှုန်းက တစ်ဒေါ်လာ ၁,၃၅၀ အောက်သို့ ကျဆင်းနေခြင်းကြောင့် မတ်ပဲတစ်တန်လျှင် ၉၆၀,၀၀၀ ကျပ် ဈေးဖွင့်နိုင်သည်။ ထို့အတူ ပဲစင်းငုံကလည်း တစ်တန်လျှင် ဒေါ်လာ ၆၂၅ ဝန်းကျင်ရရှိသဖြင့် ပြည်တွင်းတွင် ၈၁၀,၀၀၀ ကျပ် ဈေးဖွင့်သည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယဈေးကွက်သို့ အဓိကထားရောင်းချပြီး ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့်အရှေ့အလယ်ပိုင်းနိုင်ငံအချို့ကို တင်ပို့ရောင်းချမှုရှိသော်လည်း ပမာဏနည်းပါးသည်။ ထို့ကြောင့် မတ်ပဲတင်သွင်းမှုနှင့်ပတ်သက်၍ အချိန်ထပ်မံတိုးပေးရန် စီးပွားကူးသန်းဝန်ကြီးဌာနနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက တောင်းဆိုထားသည်။

**Source:** https://7day.news/detail?id=197746

## JICA ထံမှ ချေးငွေဂျပန်ယန်း ၃၀ ဘီလီယံရယူရေးဆိုင်ရာ မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်တို့အား လက်မှတ်ရေးထိုး



ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားနိုင်ရန်ရည်ရွယ်၍ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ထံ မှ ချေးငွေဂျပန်ယန်း ၃၀ ဘီလီယံရယူရေးဆိုင်ရာ နှစ်နိုင်ငံ အစိုးရများအကြား လဲလှယ်မှုစာချွန်လွှာ (Exchange of Notes) နှင့် ချေးငွေစာချုပ် (Loan Agreement) တို့အား စက်တင်ဘာ ၁ ရက်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် JICA တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

လဲလှယ်မှုစာချွန်လွှာကို မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာအိချိရော့ မာရုယာမတို့က လည်းကောင်း၊ ချေးငွေစာချုပ်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကိုယ်စား ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ မြန်မာနိုင်ငံရုံးခွဲ အကြီးအကဲ ဆာကာခုရနိုရိဂျိတို့ကလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါချေးငွေကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးစရိတ်များတိုးမြှင့်သုံးစွဲခြင်း၊ ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများအတွက် နိုင်ငံတော်က ဦးဆောင်ပံ့ပိုးကူညီရခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်မှုနှင့် စီးပွားရေးကျဆင်းနိုင်မှုတို့ကို ပြန်လည်ထူထောင်နိုင်ရန်အတွက် ကုစားရေး အစီအစဉ်များ စီမံဆောင်ရွက်ရခြင်းတို့အတွက် အဓိကသုံးစွဲနိုင်ရန် ရယူခဲ့ခြင်းဖြစ်ပြီး ချေးငွေရယူရေး အတွက် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်းသိရ သည်။

**Source:** https://www.myawady.net.mm/node/1371

## တရုတ်နိုင်ငံမှခွင့်ပြုသော မြန်မာ့ပို့ကုန်များ

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် သစ်သီးဝလံများအား တင်ပို့လျက်ရှိပြီး အဓိကအားဖြင့် တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ သခွားမွှေး၊ သရက်သီး၊ နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ ချဉ်ပေါင်ဖာလာ၊ ဝဥနှင့်ဆီးသီးခြောက်တို့ အများဆုံးတင်ပို့လျက်ရှိပါသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့်ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Quality Supervision, Inspection and Quarantine- AQSIQ) အဖွဲ့မှမြန်မာနိုင်ငံအနေဖြင့် မင်းကွတ်သီး၊ Longan (တောကြက်မောက် သီး)၊ ကြက်မောက်သီး၊ လိုင်ချီးသီးစသည်တို့အား ပင်လယ်ရေကြောင်းနှင့်နယ်စပ်နှစ်မျိုးလုံးမှလည်းကောင်း၊ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီးများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် မူဆယ်-ရွှေလီနှင့် မိုင်းလား-တာလော့ဂိတ် ပေါက်နှစ်ခုမှလည်းကောင်း တရားဝင်တင်ပို့နိုင်ကြောင်း ထုတ်ပြန်ထားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒအရ ကုန်စည်များအား အမျိုးအမည်အလိုက် တရားဝင်ခွင့်ပြုထားသည့် နယ်စပ် ဝင်ပေါက်များမှသာ လက်ခံခြင်းဖြစ်၍ ခွင့်မပြုသည့်နယ်စပ်ပေါက်များမှ တရားဝင်တင်ပို့ရာတွင် ခက်ခဲလျက်ရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းဖြင့် မူဆယ်-ရွှေလီနှင့် မိုင်းလား-တာလော့ဂိတ်ပေါက်နှစ်ခုမှသာ တရားဝင်တင်ပို့ခွင့်ပြုထားသော သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီးစသည့်သစ်သီးလေးမျိုးအား မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တရားဝင် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည့် မူဆယ်-ရွှေလီ၊ ချင်းရွှေဟော်-မိန့်တိန်၊ ကန်ပိုက်တီ-ဟိုချောင်၊ လွယ်ဂျယ်-ကျန်းဖုန်း စသည့်နယ်စပ်ဂိတ်များမှ တရားဝင်တိုးမြှင့်တင်ပို့ခွင့်ရရှိရေးအတွက် ဘေဂျင်းမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ

အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ရာ တရုတ်နိုင်ငံဘက်မှ အဆိုပါ သစ်သီးလေးမျိုးအား မူဆယ်-ရွှေလီနှင့် (မိုင်းလား) တာလေ့ဂိတ်နှစ်ခုမှသာ တင်သွင်းခွင့်ပြုသည့် ကန့်သတ်ချက်အား ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ပယ်ဖျက်ပေးခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၈ ရက်တွင် တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့ရှိ မြန်မာသံရုံးမှတစ်ဆင့်ပေးပို့လာသည့်စာအရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံဘက်သို့ TraditionalTrade ဖြင့် တင်ပို့ခွင့်ပြုထားသည့် သစ်သီးရှစ်မျိုးမှာ မင်းကွတ်သီး၊ Longan (တောကြက်မောက်သီး)၊ ကြက်မောက်သီး၊ လိုင်ချီးသီး၊ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီးတို့ ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံဘက်သို့ တင်ပို့ရန်ခွင့်ပြုချက်ရရှိခဲ့သည့် အေးခဲစားနပ်ရိက္ခာတစ်မျိုးမှာ အေးခဲပြောင်းဖူးချိုဖြစ်ပြီး အေးခဲရေထွက်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမျိုးအမည် | အမျိုးအစား |
|---|---|---|
| 1 | crustaceans | Oratosquilla<br>Panulirus<br>Scylla<br>Squilla<br>Thenus |
| 2 | mollusks | Meretrix<br>Sinonovacula<br>Babylonia<br>Murex<br>Buccinum<br>Monodonta Labio<br>Solen |
| 3 | Fish | Anquilla<br>Monopterus<br>Periophthalmus |

ဖော်ပြပါ ကုန်စည်များအားထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများစာရင်းအား ပေးပို့ပါရန်နှင့် အဆိုပါစာရင်းအား မှတ်တမ်းရေးသွင်းထားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ အဆိုပါလုပ်ငန်းကုမ္ပဏီများကို အချိန်မရွေး ပြန်လည်စစ်ဆေးရန်နှင့် လုပ်ငန်းကုမ္ပဏီပြောင်းလဲခြင်းများကို တရုတ်နိုင်ငံသို့ အကြောင်းကြားရမည်ဖြစ်ပါသည်။ ထို့အပြင် တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းလာသော သစ်သီးများအား ကူးစက်ရောဂါပိုးမွှားများ စစ်ဆေးခြင်းကို အကောက်ခွန်ရုံးမှ ကြီးကြပ်စီမံခန့်ခွဲရေး သတ်မှတ်ချက်များနှင့်ကိုက်ညီသော သတ်မှတ်နေရာများတွင် ဆောင်ရွက်ရပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဟိုချောင် (Hou Qiao)၊ မိန်းတိန် (Meng Ding)နှင့် ကျန်းဖုန်း (Zhang Feng) ဂိတ်များအနက် ဟိုချောင်(Hou Qiao)နှင့် ကျန်းဖုန်း (Zhang Feng)ဂိတ်များတွင် တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် သစ်သီးများအတွက် ကြီးကြပ်စီမံခန့်ခွဲသည့်နေရာများရှိပြီး ဝမ်တိန် (Wan Ding) ဂိတ်တွင်လည်းရှိကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသော မြန်မာနိုင်ငံထွက် သစ်သီးများအနေဖြင့် ဟိုချောင် (Hou Qiao)၊ ဝမ်တိန် (WanDing) နှင့် ကျန်းဖုန်း (Zhang Feng) ဂိတ်များတွင် ကူးစက်တတ်သောရောဂါပိုးမွှားများစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်ကြောင်းသိရှိရပါသည်။

**Source:** https://7day.news/detail?id=197527

## မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများ စက်တင်ဘာလမှစ၍ Online မှ ငွေပေးသွင်းနိုင်




မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ အတွက် စက်တင်ဘာလမှစ၍ Online မှတဆင့် MPU Card ၊ Visa Card ၊ Master Card ၊ JCB Card ၊ UnionPay Card နှင့် CB Pay များကိုအသုံးပြု၍ ငွေပေးသွင်းနိုင်ပြီ ဖြစ်ကြောင်း၊ ဆက်လက်၍ E လိုင်စင်စနစ်ကိုလည်းဆောင်ရွက်ရန် လုပ်ဆောင်လျက် ရှိကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ယနေ့တွင်ပြောကြားခဲ့သည်။ “လက်ရှိ COVID-19 ရောဂါကာလ အတွင်း မှာ Social Distancing အရသော်လည်းကောင်း၊ နောက်ပြီးဒီကာလအတွင်း သာမက ရေရှည်အတွက် COVID-19 အလွန်ကာလမှာရော ကျွန်တော်တို့အွန်လိုင်းစနစ်ကိုဆောင်ရွက်မှာပါ။ လက်ရှိ E လိုင်စင် စနစ်လည်းဆောင်ရွက်ဖို့လုပ်နေပါတယ်။ Eလိုင်စင်စနစ်ဆိုတာ လိုင်စင်တွေကို အွန်လိုင်းကနေလျှောက်ထားနိုင်တဲ့စနစ်ပါ၊ ဒီလကုန်လောက်မှာလည်း ကျွန်တော်တို့ ကြော်ငြာနိုင်ဖို့ဆောင်ရွက်နေပါတယ်”ဟုင်းကရှင်းပြသည်။

လိုင်စင်ကြေးများ၊ ဗီဇာကြေး၊ Web Portal Membership ကြေးနှင့် ကြော်ငြာကြေးများ၊ သင်တန်းကြေးများ တင်ဒါမှတ်ပုံတင်ကြေးများအား အွန်လိုင်းမှတဆင့် ငွေပေးချေနိုင်မည်ဖြစ်ကြောင်း၊ ငွေပေးချေရန်အတွက် ဝန်ကြီးဌာန၏ https://payment.tourism.gov.mm မှတဆင့် ဝင်ရောက်အသုံးပြုနိုင်ပါကြောင်းသိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းများကို Digital Marketing အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူပြည်တွင်းခရီးစဉ်ဒေသ အသစ်များအတွက်လည်း အွန်လိုင်းမှတဆင့် ကြော်ငြာပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://xinhuamyanmar.com/statistics/covid-19/covid-19-mm/29324-online

## နိုင်ငံခြားသား အိမ်ခြံမြေအငှားဈေးကွက် ၉၀ ရာခိုင်နှုန်းကျော်ကျဆင်း



COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း နိုင်ငံခြားသား အိမ်ခြံမြေအငှား ဈေးကွက် ၉၀ ရာခိုင်နှုန်းကျော်ကျဆင်းနေကြောင်း၊ အိမ်ငှားခနှုန်းထားများလည်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း အထိ ကျဆင်းလျက်ရှိကြောင်း သိရသည်။

မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း၊ မန်နေဂျင်းဒါရိုက်တာဦးသန်းဦးက "COVID-19 ကမ္ဘာမှာစတွေ့ရတဲ့အချိန် မြန်မာနိုင်ငံမှာ မဖြစ်သေးပေမယ့် သူတို့နိုင်ငံတွေပိတ်မှာစိုးလို့ နိုင်ငံခြားသားတွေက မတ် ၂၃ ရက် နောက်ပိုင်း ပြန်ကြတယ်။ မြန်မာနိုင်ငံမှာ COVID-19 ရောဂါကူးစက်ခံရသူကို မတ်လမှာစတွေ့တယ်။ မတ်လနဲ့ဧပြီလမှာ တော်တော်များများ နိုင်ငံခြားသားတွေ ပြန်ကြတယ်။ သူတို့ငှားနေခဲ့တဲ့ ခြံနဲ့အိမ်တွေ၊ ကွန်ဒိုတွေဟာပြန်အပ်ကုန်ကြတယ်။ အဲလိုပြန်သွားပြီး အခုထိတော်တော်များများပြန်မလာကြတော့ဘူး။ လေကြောင်းလိုင်းတွေကလည်း အရေးကြီးကိစ္စကလွဲလို့ ပိတ်ထားတဲ့အတွက် တော်တော်များများ ပြန်မလာကြတော့ဘူး" ဟုပြောသည်။ iMyanmarHouse.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက "COVID-19 ရောဂါဖြစ်ပွားတဲ့ကာလမှာ နိုင်ငံခြားသား အငှား ၉၀ ရာခိုင်နှုန်းကျော်လောက်ကျဆင်းသွားတာတွေ့ရတယ်။ အခန်းအများစုက ပိတ်ထားရတဲ့ အနေအထားဖြစ်နေတယ်။ တစ်ချို့ငှားချင်သူတဲ့ အိမ်ရှင်တွေကလည်း ဈေးလျှော့ငှားလာကြတာတွေ့ရတယ်" ဟုဆိုသည်။

ယခင်COVID-19 ကာလမတိုင်မီ အိမ်ခြံမြေ တစ်ခု အငှားဈေးကွက်ပေါ်သို့ ငှားရမ်းရန် တင်၍ ကြော်ငြာပါက ပျမ်းမျှ ၁ လခွဲမှ ၂လ အတွင်းအငှားရသော်လည်း ယခု တွင် ၃ လ မှ ၄ လ အထိ ကြန့်ကြာမှုရှိကြောင်း ဦးနေမင်းသူကဆိုသည်။ နိုင်ငံခြားသားများကို အားပြုရသည့် အငှားဈေးကွက်သည် ဖေဖော်ဝါရီလကုန်မှ ယခုအချိန်အထိ ပြန်လည်ဦးမော့လာခြင်းမရှိဘဲ အေးစက်လျက်ရှိသေးကြောင်းသိရသည်။ ယခင်က အငှားဈေး ငွေကျပ် ၁၂ သိန်းရရှိသော ကွန်ဒိုအခန်းများကို ကျပ် ၉ သိန်း၊ ၁၀ သိန်းတန်ကွန်ဒိုအခန်းများကို ကျပ် ၈ သိန်းခွဲအထိ ဈေးလျှော့ငှားရမ်းနေကြကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29312-2020-09-02-10-35-41

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လတာအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၄၀၀ ဘီလီယံကျော်ရှိ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၁,၄၀၀ ဘီလီယံကျော်ရှိကြောင်း၊ ၎င်းပမာဏသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၂၀၀ ဘီလီယံ ပိုမိုဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က " အားလုံးပူးပေါင်းဆောင်ရွက်ခဲ့အတွက် အခုလိုရင်းနှီးမြှုပ်နှံမှုတိုးလာရခြင်းဖြစ်ပါတယ်"ဟု ဆင်ဟွာသို့ စက်တင်ဘာ ၂ ရက်တွင်ပြောသည်။

ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့သည့်ကဏ္ဍများမှာ စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်မှုဖွံ့ဖြိုးမှုကဏ္ဍနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတို့ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ၊စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ၊ သတ္တုကဏ္ဍနှင့်လျှပ်စစ်ကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက် ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29310-2020-09-02-07-50-40

## အာဆီယံထုတ်လုပ်ရေးကဏ္ဍတွင် မြန်မာနှင့်အင်ဒိုနီးရှားနိုင်ငံအခြေအနေ တိုးတက်ကောင်းမွန်လာခဲ့ပြီး အခြားနိုင်ငံများ ရုန်းကန်နေရကာ အာဆီယံထုတ်ကုန်များကို ပြည်ပမှဝယ်လိုအား သိသာစွာဆက်လက်ကျဆင်း

**ပြီးခဲ့သည့် ၁၂ လအတွင်း မြန်မာနိုင်ငံ၏ ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း**

| | |
|---|---|
| စက်တင်ဘာ | - ၅၂ ဒသမ ၀ |
| အောက်တိုဘာ | - ၅၃ ဒသမ ၀ |
| နိုဝင်ဘာ | - ၅၂ ဒသမ ၇ |
| ဒီဇင်ဘာ | - ၅၂ ဒသမ ၀ |
| ဇန်နဝါရီ | - ၅၂ ဒသမ ၇ |
| ဖေဖော်ဝါရီ | - ၄၉ ဒသမ ၈ |
| မတ် | - ၄၅ ဒသမ ၃ |
| ဧပြီ | - ၂၉ ဒသမ ၀ |
| မေ | - ၃၈ ဒသမ ၉ |
| ဇွန် | - ၄၈ ဒသမ ၇ |
| ဇူလိုင် | - ၅၁ ဒသမ ၇ |
| ဩဂုတ် | - ၅၃ ဒသမ ၂ |

အာဆီယံထုတ်လုပ်ရေးကဏ္ဍတွင် မြန်မာနှင့်အင်ဒိုနီးရှားနိုင်ငံတို့ အခြေအနေ တိုးတက်ကောင်းမွန်လာခဲ့ပြီး အခြားနိုင်ငံများရုန်းကန်နေရကာ အာဆီယံ ထုတ်ကုန်များအား ပြည်ပမှဝယ်လိုအား သိသာစွာ ဆက်လက်ကျဆင်းနေကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သော HIS Markit စစ်တမ်းတွင် ဖော်ပြချက်အရသိရ သည်။

ဩဂုတ်လ နောက်ဆုံးစစ်တမ်းဒေတာအရ အာဆီယံထုတ်လုပ်ရေး အခြေအနေများ ခြောက်လအတွင်း အနည်းဆုံးနှုန်းဖြင့် ဆုတ်ယုတ်ခဲ့ပြီး ခြုံပြောရ လျှင် ကဏ္ဍ၏အခြေအနေမှာ အနည်းငယ်သာကျဆင်းခဲ့ကြောင်း အချက်ပြ နေသည်။ စက်ရုံထုတ်လုပ်မှုတည်ငြိမ်လာခဲ့ပြီး အော်ဒါမှာယူမှုပမာဏမှာ ကျဆင်းလာခဲ့သည့် လက်ရှိခြောက်လတာ ကာလအတွင်း အနည်းဆုံးနှုန်းဖြင့် ကျဆင်းမှုဖြစ်သည်။ ဩဂုတ်လတွင် အာဆီယံထုတ်လုပ်ရေးကဏ္ဍအခြေအနေ ခြောက်လဆက်တိုက် ဆုတ်ယုတ်လာဆဲ အချက်ပြနေသော်လည်း အညွှန်းမှာ ဇူလိုင်လ ၄၆ ဒသမ ၅ မှ ဩဂုတ်တွင် ၄၉ သို့မြင့်တက်လာခဲ့ပြီး စက်မှုကဏ္ဍသည် တည်ငြိမ်မှုဆီသို့ ဦးတည်လာသည်နှင့်အမျှ ကျဆင်းမှုနှုန်းမှာ နှေးလာကာ ခြုံပြော ရလျှင် ဒသမဂဏန်းမျှသာရှိခဲ့သည်။

ညွှန်းကိန်းဦးမော့လာမှုအတွက် စက်ရုံထုတ်လုပ်မှုများ တည်ငြိမ်လာပြီး စုစုပေါင်းအော်ဒါအသစ်များကျဆင်းမှု အားပျော့ လာခြင်းက သော့ချက်ဖြစ်ခဲ့သည်။ အော်ဒါမှာယူမှုပမာဏ၏ နောက်ဆုံးကျဆင်းမှုမှာ မတ်လတွင်စတင်ခဲ့သည့် လက်ရှိကျဆင်းမှု အစဉ်ထဲတွင် အားအပျော့ဆုံးမှတ်တမ်းဖြစ်ပြီး အနည်းငယ်မျှသာဖြစ်ခဲ့သော်လည်း နိုင်ငံခြားမှဝယ်လိုအား အားနည်းမှုအတွက် အဓိကအကြောင်းရင်း ဖြစ်မြဲဖြစ်ခဲ့သည်။ ကျဆင်းမှုနှုန်း အားပျော့လာခဲ့သော်လည်း ပြည်ပတင်ပို့ရေး အော်ဒါအသစ်များတွင် ယခုလ၏ကျဆင်းမှုမှာ သိသာနေဆဲဖြစ်သည်။

စစ်တမ်းတွင်အကျုံးဝင်သည့် ခုနစ်နိုင်ငံတွင် ထုတ်လုပ်မှုစွမ်းဆောင်ရည်မညီညာခဲ့ဘဲ နှစ်နိုင်ငံသာ ဩဂုတ်လတွင် အထွေထွေအခြေအနေတိုးတက်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။ မြန်မာနိုင်ငံ၏အညွှန်းကိန်း ၅၃ ဒသမ ၂ မှာ ၁၅ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး ထုတ်လုပ်မှုအမြန်ဆုံးတိုးလာမှု၏ပံ့ပိုးမှုကြောင့် လုပ်ငန်းများကောင်းမွန်လာခြင်းကို ထောက်ပြနေသည်။ အင်ဒိုနီးရှားနိုင်ငံကလည်း တိုးတက်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ညွှန်းကိန်း ၅၀ ဒသမ ၈ ရှိခဲ့သည်။ အခြားနိုင်ငံများအနက် မလေးရှားက ထုတ်လုပ်ရေးကဏ္ဍ အသစ်တစ်ဖန်ဆုတ်ယုတ်လာခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ပြီး ညွှန်းကိန်းမှာ ၄၉ ဒသမ ၃ အထိ နိမ့်ဆင်းသွားခဲ့သည်။ ထိုင်းနိုင်ငံကလည်း ကျဆင်းမှုရှေ့ဆက်ခဲ့ပြီး ညွှန်းကိန်း ၄၉ ဒသမ ၇ မှာ ဇန်နဝါရီလမှစပြီး အားအပျော့ဆုံး ဆုတ်ယုတ်မှုနှုန်းကို အချက်ပြနေသည်။ ပြောင်းပြန်တွေ့မြင်ရသော ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများသည် ဩဂုတ်လတွင် လုပ်ကိုင်မှုအခြေအနေများ ပိုမိုသိသာစွာ ကျဆင်းခဲ့မှုကို မှတ်တမ်းတင်ခဲ့ကြပြီး ၎င်းတို့၏ညွှန်းကိန်းမှာ ၄၇ ဒသမ ၃ နှင့် ၄၅ ဒသမ ၇ တို့တွင်ရှိနေခဲ့ပြီး မေလမှစပြီး အများဆုံးဆုတ်ယုတ်မှုကို အချက်ပြနေသည်။ စင်ကာပူသည် အာဆီယံ PMI အဆင့်အရ

အောက်ဆုံးနေရာတွင် ဆက်ရှိနေပြီး ညွှန်းကိန်းမှာ ဇူလိုင်လကထက်မြင့်တက်ခဲ့သော်လည်း ဩဂုတ်တွင် ၄၃ သာရှိရာ ပါဝင်ကြသည့်ခုနစ်နိုင်ငံအနက် အနိမ့်ဆုံးဖြစ်ကာ ထုတ်လုပ်ရေးကဏ္ဍ အခြေအနေများတွင် ရှေ့ဆက်၍ သိသာစွာ ကျဆင်းလာနေသည်။

ခြုံပြောရလျှင် ဩဂုတ်လဒေတာက အာဆီယံကုန်ထုတ်လုပ်မှုကဏ္ဍ စွမ်းဆောင်နိုင်စွမ်းမှာ ပိုကောင်းလာသော်လည်း အားနည်းလျက်ရှိနေသေးခြင်းကို မီးမောင်းထိုးပြသည်။ သို့ဖြစ်၍ ကုမ္ပဏီများသည် ဝန်ထမ်းဦးရေကို ဆက်လက် ဖြတ်တောက်ခဲ့ကြပြီး ထုတ်ကုန်စွမ်းအားဆက်ပြီးအားနည်းနေခြင်းကို ထင်ဟပ်လျက် လက်ကျန်အလုပ်စာရင်းများလည်း သိသာစွာဆက်ပြီး ကျခဲ့သည်။ အလုပ်နေရာဖြတ်တောက်မှုနှုန်းမှာ နက်ရှိုင်းခဲ့သော်လည်း ဖေဖော်ဝါရီမှစပြီး အားအပျော့ဆုံးဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကုမ္ပဏီများသည် ဝယ်ယူမှုများကို လျှော့ချခဲ့ကြပြီး ဝယ်ယူမှုများ ယခုလထဲကျဆင်းမှုမှာ ခြောက်လအတွင်း အနည်းဆုံးဖြစ်ခဲ့သော်လည်း သိသာလှသည်။ လက်ကျန်စာရင်းများပါ ကျဆင်းလာခဲ့သော်လည်း သိုလှောင်ထားသည့် ဝယ်ကုန်များကျဆင်းမှုအရှိန်မှာ အားပျော့လာခဲ့သည်။ ဈေးနှုန်းများကို လေ့လာကြည့်လျှင် ဩဂုတ်လတွင် ကုန်ကျစရိတ် ဝန်ထုပ်နောက်ထပ်မြင့်တက်ခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ ဇူလိုင်ထက်အရှိန်ရလာသည်။ သို့သော်လည်း ထုတ်ကုန်အတွက် ပျမ်းမျှရောင်းဈေးများမှာ အများအားဖြင့် တန့်နေခဲ့ပြီး ရာသီအလိုက်ညှိပေးထားသည့် သက်ဆိုင်ရာအညွှန်းမှာ ကြားနေအမှတ် ၅၀ အထက်နားတွင် ရှိခဲ့သည်။

လာမည့် ၁၂ လအတွက် ထုတ်လုပ်မှုဆိုင်ရာ မျှော်မှန်းချက်မှာ ဩဂုတ်လတွင် ပိုကောင်းလာခဲ့ပြီး အပြုသဘောမြင်မှုမှာ ဇန်နဝါရီလမှစပြီး အမြင့်ဆုံးဖြစ်ခဲ့သော်လည်း စစ်တမ်း၏ ရေရှည်ပျမ်းမျှနှင့် ဆက်စပ်ကြည့်လျှင် အားနည်းနေဆဲဖြစ်သည်။ HS Markit မှ စီးပွားရေးပညာရှင် Lewis Cooperက "ညွှန်းကိန်း နှစ်မှတ်ခွဲ ဆက်မြင့်လာခဲ့တာက ကဏ္ဍကျဆင်းမှု ရှေ့ဆက်အားပျော့လာမှုကို အချက်ပြနေတာကြောင့် အာဆီယံထုတ်လုပ်ရေးကဏ္ဍ တည်ငြိမ်လာဖို့ပိုနီးစပ်လာပါတယ် " ဟုဆိုသည်။

**Source:** https://news-eleven.com/article/190454

## သရက်သီးရှားပါးချိန်ဖြစ်သဖြင့် သရက်ကင်းဈေးကွက် အရောင်းသွက်နေ



ယခုအချိန်သည် သရက်သီးရှားပါးလာသည့်အချိန်ဖြစ်သဖြင့် သရက်ကင်း (ငပိချက်ဖြင့် တို့မြုပ်စားကြသည့် သရက်) ဈေးကွက်မှာ အရောင်းသွက်နေကြောင်း မန္တလေးတိုင်း၊ စဥ့်ကိုင်မြို့နယ်မှ သရက်စိုက်တောင်သူများထံမှသိရသည်။ ဝါဆိုလမှာ သီးတဲ့သရက်တွေကို အကင်းခူးရောင်းနေပါတယ်။ ကျွန်တော်တို့ အဖိုးအဖွားတွေ လက်ထက်တုန်းကတည်းက စိုက်ထားခဲ့တဲ့ အပင်တွေဖြစ်ပါတယ်။ မြန်မာသရက် (ခေါ်) ဝါဆိုသရက်သီးပါ။ ကျွန်တော်တို့နယ်ဘက်မှာက နောက်စွဲ၊ နောက်သီးဆိုတာက မချစ်စုသီးနဲ့ ဝါဆိုသီးလို့ လူသိများတဲ့အသီးတွေက သရက်အကင်းအနေနဲ့ စားကောင်းတော့ ရောင်းချရတာလည်း မြန်ပါတယ်ဟု မန္တလေးတိုင်း၊ စဥ့်ကိုင်မြို့နယ်မှ သရက်စိုက်တောင်သူ ကိုဇင်မင်းကပြောသည်။

ဒေသတွင်းဈေးကွက်၌ သရက်ကင်းတစ်လုံးလျှင် ၁၀၀ ကျပ်၊ တစ်ထုပ်လျှင် ၅၀၀ ကျပ် ဈေးများဖြင့် ရောင်းချနေ ကြောင်း သိရသည်။ သရက်ကင်းဈေးကွက်က အခုနေထွက်ရှိတာနည်းသေးလို့ ရွာဈေးတန်းတွေနဲ့ ပလိပ်ဈေးကိုပဲ ရောင်းဖြစ်တာ ပါ။ ဈေးက သရက်သီးရှားတဲ့အချိန်လေးဖြစ်တာမို့လို့ အရောင်းလို့သွက်နေပါတယ်ဟု ကိုဇင်မင်းက ဆက်လက်ပြောသည်။

သရက်ပင်များသည် သရက်ပေါ်ချိန်မှာ တစ်ခါသီးပြီး သရက်သီးအစေ့ရှုပ်ချိန်မှာ ပန်းတစ်ကြိမ်ပြလေ့ရှိသည်။ ရှေ့အသီး မှည့်ချိန်၌ အလယ်သီး များက အစေ့ရှုပ်လေ့ရှိပြီး၊ ထို့နောက်တွင် ပန်းတစ်ကြိမ်ထပ်ပြသည်။ အဆိုပါ ဒုတိယပန်းပြသည့်အချိန်မှာ ဝါဆိုလဖြစ်သည့်အတွက်ကြောင့် "ဝါဆိုသီး" ဟု ခေတ်အဆက်ဆက်က ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/small_green_mango_market

## ၂၀၂၀ ခုနှစ် ဩဂုတ်လမှစတင်ကာ ငုဝါသီးတင်ပို့ရောင်းချသည့်ဈေးကွက် ဈေးနှုန်းကျဆင်းမှုရှိ





၂၀၂၀ ခုနှစ် ဩဂုတ်လပိုင်းမှစတင်ကာ ငုဝါပင်မှရရှိသည့် ငုဝါသီးတောင့်များကို တင်ပို့ရောင်းချသည့် ဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းမှုရှိနေကြောင်းသိရသည်။ ၂၀၁၉ ခုနှစ်က ငုဝါသီးတောင့် တစ်ပိဿာလျှင် (၇၀၀၀) ကျပ်မှ (၈၀၀၀) ကျပ်အထိ ပေါက်ဈေးများရှိခဲ့ကြောင်းသိရသည်။ ငုဝါသီးက လောလောဆယ် ဈေးကွက်ကျနေတယ်။ ပြီးခဲ့တဲ့ သုံးလလောက်ကအထိ ငုဝါသီးတောင့်တစ်ပိဿာကို ၃,၀၀၀၊ ၄,၀၀၀ ကျပ်လောက် ဈေးရှိသေးတယ်။ အခု နောက်ပိုင်းမှာတော့ ၁,၆၀၀ ကျပ်ကနေ ၂,၀၀၀ ကျပ် ဝန်းကျင်ပဲရှိတယ်။ မူဆယ်မှာတော့ ၂,၃၀၀ ကျပ်လောက် ပေါက်ဈေးရှိတယ်။ ပစ္စည်းအရောက်များတာကြောင့်လည်း ပါတယ်။ ကိုဗစ်ရောဂါအခြေအနေကြောင့် နယ်စပ်ကုန်သွယ်ရေးက သိပ်မတွင်ကျယ်တာကြောင့်လည်းပါတယ်ဟု မြဝတီမှ နယ်စပ်ကုန်သည်တစ်ဦးဖြစ်သူ ဦးတင်မျိုးနိုင်ကပြောသည်။


ပြည်တွင်း၌ အလေ့ကျပေါက်ရောက်နေသည့် ငုရွှေဝါဟုခေါ်သည့် ငုဝါပင်မှရသည့် ငုဝါသီးတောင့်များနှင့်နယ်စပ်မှ တင်သွင်းသည့် ငုဝါသီးတောင့်များကို (ဆေးဝါးအဖြစ်ဖော်စပ်ရန် ဈေးကွက်လိုအပ်ချက်ရှိသဖြင့်) တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချနေခြင်း ဖြစ်သည်။ တရုတ်ကိုပို့တဲ့အခါ မြန်မာနိုင်ငံကနေ မူဆယ်အထိကို တရားဝင်တင်ပို့နေတာပါ။ မူဆယ်ကနေ ဟိုဘက်ပိုင်းကိုတော့ ဝယ်လက်ဘက်က ဆက်လက်လုပ်ဆောင်သွားတာပေါ့နော်။ ပြည်တွင်းမှာခေတ်စားနေတာ ငါးနှစ်၊ ခြောက်နှစ်လောက်ကိုရှိပါပြီ။ အပင်မှာတွဲလောင်းကျနေတဲ့ အတောင့်ရှည်ရှည်ကြီးတွေကို အရောင်းအဝယ်လုပ်တာပါ။ အခွံတွေပါအပါ၊ အတောင့်လိုက် ဝယ်ယူတာပါ။ သူတို့က ဝယ်ယူပြီး အပိုင်းပိုင်းဖြတ် တံဆိပ်ကပ်၊ ပါကင်ပြန်ထုပ်ရောင်းချတာပါ။ အဲ့ဒီဟာကို တစ်ရက်ငါးပြားလောက် ပုံမှန်စားသုံးရင် ဝမ်းမှန်တယ်။ ပိန်ဆေးဖော်စပ်ရာမှာ အသုံးပြုကြတယ်။ အစာအိမ်အူ လမ်းကြောင်းရှင်းလင်းပြီး အဆီကျစေတာကြောင့် ဈေးကွက်ဝင်တာပါ။ အတောင့်ထဲမှာပါတဲ့ အစိုင်းပတ်ကလေးတွေကိုတော့ သီးသန့် ဈေးကွက်ရှိပါသေးတယ်ဟု ဦးတင်မျိုးနိုင်က ဆက်လက်ပြောသည်။

လက်ရှိအခြေအနေအထိ မြန်မာနိုင်ငံတွင် ငုဝါပင်ကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူမရှိသေးဘဲ အလေ့ကျပေါက်ရောက်နေသည့် အပင်များသာရှိသေးကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/ngu_war_pod_market

## ဩစတြေးလျနိုင်ငံတွင် နှစ်ပေါင်း ၃၀ နီးပါးအတွင်း ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှုဖြစ်ပွား

ဩစတြေးလျနိုင်ငံ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးသည် ဇွန်လသုံးလပတ်တွင် ၇.၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အကြီးမားဆုံး သုံးလပတ်ကျဆင်းမှု မှတ်တမ်းဝင်သွားကြောင်း စက်တင်ဘာ ၂ ရက်တွင် ဩစတြေးလျနိုင်ငံ စာရင်းအင်းဗျူရို (ABS) က ထုတ်ပြန်သည့် စာရင်းများအရသိရသည်။




အဆိုပါကိန်းဂဏန်းသည် ယခုနှစ် မတ်လသုံးလပတ်ကာလတွင်ရှိခဲ့သည့် ၀.၃ ရာခိုင်နှုန်းအောက် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဩစတြေးလျနိုင်ငံသည် နှစ်ပေါင်း ၃၀ နီးပါးကာလတွင် ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်ခြင်းဖြစ်ကြောင်း Australian Broadcasting Corporation က ထုတ်ပြန်သည့် အစီရင်ခံစာအရသိရသည်။ သုံးလပတ်အတွင်း စီးပွားရေးကျဆင်းရခြင်းမှာ "ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါနှင့် တွဲဖက်လာသော ကန့်သတ်ထိန်းချုပ်မှု မူဝါဒများ" ကြောင့်ဖြစ်သည်ဟု ABS ၏ နိုင်ငံတော်ငွေစာရင်း အကြီးအကဲ Michael Smedes က ပြောခဲ့သည်။ "ကြီးမားတဲ့ပမာဏအရ ဒါဟာ၁၉၅၉ ခုနှစ်ကတည်းက သုံးလပတ် GDP အကြီးအကျယ် ကျဆင်းတာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ထို့ပြင် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ မော်တော်ယာဉ်များနှင့်ဟိုတယ်များ၊ ကော်ဖီဆိုင်များနှင့် စားသောက်ဆိုင်များ၌ လျော့နည်းလာပြီးနောက် ဝန်ဆောင်မှုလုပ်ငန်းများတွင် သုံးစွဲမှုများမှာ ၁၇.၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ "အိမ်ထောင်စုတွေက သူတို့ရဲ့ အမူအကျင့်တွေ ပြောင်းလဲလာတာ၊ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကိုထိန်းချုပ်ဖို့ ကန့်သတ်ချက်တွေသတ်မှတ်ထားတာတွေကြောင့် ဇွန်လသုံးလပတ်ကျဆင်းမှုက အိမ်ထောင်စုတွေအနေနဲ့ ဝန်ဆောင်မှုလုပ်ငန်းပိုင်းတွေမှာ သုံးစွဲမှုစရိတ်တွေ သိသိသာသာချုံ့လာကြတာကိုတွေ့ရတယ်" ဟု Smedes က ပြောခဲ့သည်။

ဩစတြေးလျနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Josh Frydenberg က ဇွန်လအတွက် နိုင်ငံ၏ငွေစာရင်းများက "ကြေကွဲဝမ်းနည်းဖွယ်ဇာတ်လမ်းများ" ဖြစ်ကြောင်း စက်တင်ဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။ ဗစ်တိုးရီးယားပြည်နယ်မှာ COVID-19 အခြေအနေက လာမည့် သုံးလပတ်စီးပွားရေး အခြေအနေပေါ်ကို သက်ရောက်မှုရှိနိုင်သဖြင့် ရှည်လျား၊ ခက်ခဲ၍ ကြမ်းတမ်းသော ခရီးလမ်းကို ကြုံတွေ့ရနိုင်ကြောင်း ၎င်းကသတိပေးခဲ့သည်။ "ဇွန်လသုံးလပတ်အတွင်း ဒီလိုကျဆင်းမှုဟာ ဗစ်တိုးရီးယားပြည်နယ်အစိုးရက ဩဂုတ်လအစောပိုင်းမှာ သတ်မှတ်ခဲ့တဲ့ကန့်သတ်ချက်လေးခုကြောင့် စီးပွားရေးအပေါ်သက်ရောက်မှုပါဝင်တာမဟုတ်ဘူးဆိုတာ သိဖို့အရေးကြီးပါတယ်" ဟု ၎င်းကပြောခဲ့သည်။ "ဒါဟာ စက်တင်ဘာသုံးလပတ် ကိန်းဂဏန်းတွေအပေါ် အကြီးအကျယ်ဖိစီးစေပါလိမ့်မယ်" ဟု Josh Frydenberg က ပြောကြားခဲ့သည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်မှုစာချုပ် ပြန်လည်သုံးသပ်မှုအား ဆောလျင်စွာဆောင်ရွက်ရေး အိန္ဒိယကုန်သွယ်ရေးဝန်ကြီးက တိုက်တွန်းပြောကြားခြင်း

၁၇ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၂၀ ပြည့် နှစ် ဩဂုတ်လ ၂၉ ရက်နေ့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာတွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal က အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်အား ပြန်လည်သုံးသပ်ခြင်းကို ဆောလျင်စွာဆောင်ရွက်ရေး တိုက်တွန်းပြောကြားခဲ့ကြောင်းသိရှိရပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၃၀.၈.၂၀၂၀ နေ့ သတင်းထုတ်ပြန် ချက်တွင် အိန္ဒိယဝန်ကြီး Mr. Piyush Goyal သည် ဗီယက်နမ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Tran Tuan Anh နှင့်အတူ ပူးတွဲသဘာပတိဥက္ကဋ္ဌအဖြစ် အဆိုပါအစည်းအဝေး၌ တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး Covid-19 ကပ်ရောဂါ၏ စီးပွားရေးအပေါ်သက်ရောက်မှုအား လျော့ပါးသက်သာစေရေး ပူးပေါင်းဆောင်ရွက်မှုများ၊ မေခရိုစီးပွားရေး၊ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် ကုန်ထုတ်လုပ်မှု ကွင်းဆက်ချိတ်ဆက်မှု ခိုင်မာရေးလုပ်ငန်းများ၊ အထူးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းများနှင့်အညီ အရေးကြီးကုန်စည်များနှင့် ဆေးဝါးများအား ဒေသတွင်း၌ လွတ်လပ်စွာ စီးဆင်းမှုရှိစေရေး လုပ်ငန်းများနှင့်ပတ်သက်၍ ကတိကဝတ်ထားရှိမှုများအပေါ် ထပ်လောင်းအတည်ပြုခဲ့ကြကြောင်း၊ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် (FTA) များသည် ပါဝင်သည့်နိုင်ငံများအားလုံးအတွက် အပြန်အလှန်

အားဖြင့် အကျိုးဖြစ်ထွန်းရန်လိုအပ်မှု၊ ပင်ရင်းနိုင်ငံ စည်းမျဉ်းသတ်မှတ်ချက်များ ခိုင်မာအားကောင်းရန်လိုအပ်မှုနှင့် ဈေးကွက်ဝင်ရောက်နိုင်မှုကို အထောက်အကူပြုရန်အတွက် အကောက်ခွန်မဟုတ်သော ကုန်သွယ်ရေးအတားအဆီးများအား ဖယ်ရှားရန်လိုအပ်မှုစသည်တို့အပေါ် ဝန်ကြီး Mr. Goyal က အလေးပေးဆွေးနွေးကြောင်း၊ ထို့အပြင် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (AITIGA) အား ပြန်လည်သုံးသပ်ရေး အိန္ဒိယ၏ စွဲမြဲသည့်ရပ်တည်ချက်အား ထပ်လောင်းအတည်ပြုလျက် သုံးသပ်မည့်နယ်ပယ်များ ညှိနှိုင်းသတ်မှတ်ခြင်းကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ၌ ကျင်းပမည့် အာဆီယံ- အိန္ဒိယ ထပ်သီးဆွေးနွေးပွဲမတိုင်မီ အပြီးဆောင်ရွက်ရေး၊ ယခုနှစ်ကုန်တွင် AITIGA ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်အား အပြည့်အဝစတင်ဆောင်ရွက်နိုင်စေရေး တိုက်တွန်း ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များ အသင်းချုပ် (FICCI) က ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီ (AIBC) သည် နှစ်ဦးနှစ်ဘက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်အတွက် AITIGA သဘောတူညီချက်အား ပြန်လည်သုံးသပ်ရန် ထောက်ခံတင်ပြထားသည့် အစီရင်ခံစာကို အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေး မစတင်မီ တင်သွင်းခဲ့ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက AITIGA ကို ပြန်လည်သုံးသပ်ရန် သဘောတူညီခဲ့ကြပြီး ၎င်းတို့၏ အဆင့်မြင့်အရာရှိများအား သုံးသပ်မည့်နယ်ပယ်များ သတ်မှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများကို စတင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြကြောင်း သိရှိရပါသည်။

အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (AITIGA) အား ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးလျက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နောက်ပိုင်းတွင် နှစ်ဘက် ကုန်သွယ်မှုမှာ ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အိန္ဒိယ၏ အာဆီယံနိုင်ငံများသို့ ပို့ကုန်တန်ဖိုး နှစ်စဉ်ထပ်ဆင့်တိုးတက်နှုန်း ၅% ရှိပြီး အာဆီယံနိုင်ငံများထံမှ သွင်းကုန်တန်ဖိုး နှစ်စဉ်ထပ်ဆင့်တိုးတက်နှုန်း ၈% ရှိကြောင်း အိန္ဒိယနိုင်ငံရှိ PHDCCI ကုန်သည်အသင်းက ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်သည့် အိန္ဒိယ၏ အာဆီယံဒေသ၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ စာရင်းများအရ အိန္ဒိယ၏ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမှာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်၌ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၄.၉၈ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ဒေါ်လာ ၃၆.၉၇ ဘီလီယံရှိရာမှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၃၇.၄၇ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ဒေါ်လာ ၅၉.၃၂ ဘီလီယံအထိ တိုးတက်လာခဲ့သော်လည်း ကုန်သွယ်မှုလိုငွေ ပမာဏမှာ ကြီးမားစွာဖြစ်ပေါ်လျက်ရှိသည်။


ပင်ရင်းနိုင်ငံစည်းမျဉ်းသတ်မှတ်ချက်များကို မလျော်ကန်စွာ အသုံးချမှုများက အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်မှုဖြစ်ပေါ်စေလျက်ရှိရာ အစိုးရသည် AITIGA ကုန်သွယ်မှု သဘောတူညီချက်ကို ဆောလျင်စွာပြန်လည်သုံးသပ်မှုပြုနိုင်ရန် လိုလားလျက်ရှိကြောင်း၊ အမည်မဖော်လိုသူ ဌာနဆိုင်ရာအရာရှိတစ်ဦးက အိန္ဒိယနှင့် FTA လက်မှတ်ရေးထိုးထားသည့် တတိယနိုင်ငံတစ်ခုကိုဖြတ်သန်း၍ မြောက်မြားစွာသော တရုတ်နိုင်ငံမှထုတ်လုပ်သည့်ကုန်ပစ္စည်းများသည် စုပုံဝင် ရောက်လျက်ရှိသည်ဟု ပြောဆိုကြောင်းဖြင့် Hindustan Times သတင်းဌာနမှ ဖော်ပြပါ သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့်ကုန်စည်အပေါ် AITIGA သဘောတူညီချက်အရ အခွန်သက်သာခွင့်ရရှိရန်မှာ အဆိုပါနိုင်ငံ၌ အနည်းဆုံး ထပ်ဆင့်တန်ဖိုးပါဝင်ထုတ်လုပ်မှု ၃၅% ရှိရမည်ဖြစ်ပါသည်။

**Source:** 1. **17th ASEAN–India Economic Ministers' Consultations held, 30 Aug** 2020, **Press Information Bureau of India**

2. **Goyal asks Asean to bolster rules, 30 Aug 2020, Hindustan Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ကိုရီးယားသမ္မတနိုင်ငံ၊ Korea Aerospace Industries, Ltd. ၏ ဒုတိယဥက္ကဋ္ဌ Mr. Nho, Moo Jong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မြန်မာသံအမတ်ကြီးမှ လက်ခံတွေ့ဆုံခဲ့ခြင်း



၂၆-၇-၂၀၂၀ ရက်နေ့၊ (၁၀:၃၀)နာရီအချိန်တွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင် သည် ကိုရီးယားသမ္မတနိုင်ငံ၊ Korea Aerospace Industries, Ltd. (KAI)၏ ဒုတိယဥက္ကဋ္ဌ Mr. Nho, Moo Jong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာ သံရုံး (ဆိုးလ်မြို့)၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာသံအမတ်ကြီးနှင့် Korea Aerospace Industries, Ltd. ၏ ဒုတိယဥက္ကဋ္ဌ တို့သည် ၁၇-၆-၂၀၂၀ ရက်နေ့က ကိုရီးယားသမ္မတနိုင်ငံ၊ Sacheon မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် "၂၀၂၀ ပြည့်နှစ်၊ EPS သံအမတ်ကြီးများ ညီလာခံ"တွင် ဆွေးနွေးခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး၊ COVID-19 ဆိုင်ရာအခြေအနေများ တည်ငြိမ်သည်နှင့် ညီလာခံ ထပ်မံကျင်းပနိုင်ရေး၊ အလုပ်သမားရေးရာများ ဆွေးနွေးနိုင်ရေး၊ ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သားများအား ပိုမိုခေါ်ယူ နိုင်၍အခွင့်အရေးများ ပိုမိုရရှိရေး၊ လက်ရှိကာလတွင် COVID-19ဆိုင်ရာ Quarantine ကုန်ကျစရိတ်များနှင့်ပတ်သက်၍ မြန်မာ လုပ်သားများဘက်မှ အကုန်အကျသက်သာစေရေးအတွက် KAI မှ HRD Korea နှင့် ပူးပေါင်း၍ကူညီဆောင်ရွက်ပေးနိုင်မည့် ဖြစ်နိုင်ချေရှိသည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် KAI မှရဲတပ်ဖွဲ့သုံး၊ ကာယ်ဆယ်ရေးလုပ်ငန်းနှင့်ပို့ဆောင်ရေးလုပ်ငန်းသုံး ရဟတ်ယာဉ် များထုတ်လုပ်နေမှုကို သံအမတ်ကြီးအား KAI ၏ဒုတိယဥက္ကဋ္ဌမှ ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံကို Korea Aerospace Industries, Ltd. ၏ ကုန်သွယ်ဖက် နိုင်ငံဖြစ်စေလိုမှုနှင့် အနာဂတ်အတွက်ဖြစ်နိုင်ချေရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြပြီး၊ တွေ့ဆုံဆွေးနွေးမှု အား (၁၁:၂၀) နာရီအချိန်တွင် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။

Korea Aerospace Industries, Ltd. (KAI) ၏ ရုံးချုပ်သည် ကိုရီးယားသမ္မတနိုင်ငံ၊ Gyeongsang ပြည်နယ် တောင်ပိုင်း၊ Sacheon မြို့၌တည်ရှိပြီး၊ KT 1, Basic Trainer, FA 15 light Combat Aircraft, KUH-1 Utility Helicopter, RQ-101 Unmanned Aerial Vehicle, Z Series တို့အပါအဝင် ရဲတပ်ဖွဲ့ သုံး၊ ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သော ရဟတ်ယာဉ်များကို ကိုရီးယားသမ္မတနိုင်ငံ၏အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီး ဌာနများအတွက် ထုတ်လုပ်ပေးလျက်ရှိသော တောင်ကိုရီးယားထိပ်တန်းလေကြောင်း ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ နိုင်ငံခြားအလုပ်သမားအရေးကိစ္စများနှင့် ပတ်သက်၍လည်း သမ္မတအိမ်ပြတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ HRD Korea တို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## အီးယူနှင့်အမေရိကန် အခွန်ဆိုင်ရာသဘောတူညီချက်အပေါ် ပူးတွဲကြေညာချက်ထုတ်ပြန်

အမေရိကန်ဒေါ်လာသန်းရာနှင့်ချီ၍တန်ဖိုးရှိသော အမေရိကန်နှင့်အီးယူတို့၏ပို့ကုန်များ ဈေးကွက်ဝင်ရောက်ခွင့် တိုးတက်လာစေမည့် အခွန်နှုန်းထားလျှော့ချခြင်းအစီအစဉ်အတွက် သဘောတူညီချက်တစ်ရပ်ကို အီးယူ၏ကုန်သွယ်ရေး ကော်မရှင်နာ Phil Hogan နှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် Robert Lighthizer တို့က ၂၁-၈-၂၀၂၀ နေ့တွင် ကြေညာခဲ့ကြောင်း ဥရောပကော်မရှင်၏ထုတ်ပြန်ချက်အရသိရသည်။ အဆိုပါသဘောတူညီချက်အရ အမေရိကန်နိုင်ငံ မှအီးယူသို့ တင်သွင်းသည့် ကျောက်ပုစွန်အရှင်နှင့် အေးခဲကျောက်ပုစွန်များအပေါ် အီးယူမှအခွန် နှုန်းထားများကို ဖယ်ရှားပေးမည်ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်တွင် ၎င်းထုတ်ကုန်များ အမေရိကန်နိုင်ငံမှ အီးယူသို့တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၁၁ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

အီးယူသည် ယင်းသို့ အခွန်နှုန်းထားများဖယ်ရှားပေးခြင်းကို Most Favored Nation (MFN) basis ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ နောက်ကြောင်းပြန်အသက်ဝင်မည်ဖြစ်သည်။ အီးယူ၏ အခွန်နှုန်းထားများအား အချိန်ကာလ (၅) နှစ်ကြာ ဖယ်ရှားပေးသွားမည်ဖြစ်ပြီး၊ ဥရောပကော်မရှင်သည် အခွန်နှုန်းထားပြောင်းလဲမှု လုပ်ထုံးလုပ်နည်းများကို စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြုပြင်ထားသောအစားအစာများ၊ ဖန်ထည်ပစ္စည်းများ၊ surface preparations ၊ propellant powders ၊ မီးခြစ်များစသည့် ထုတ်ကုန်များအပါအဝင် နှစ်စဉ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၆၀ သန်းတန်ဖိုးရှိသည့် အီးယူပို့ကုန်များအပေါ် အခွန်နှုန်းထားများကို ၅၀ ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ အခွန်နှုန်းထားလျှော့ချမှုကိုလည်း MFN basis ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ နောက်ကြောင်းပြန် အသက်ဝင်မည်ဖြစ်သည်။ အီးယူ-အမေရိကန် ဆက်ဆံရေး တိုးတက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် နှစ်ဦးနှစ်ဘက် အကျိုးဖြစ်ထွန်းစေမည့် ယခုသဘောတူညီချက်သည် အမေရိကန်ပြည်ထောင်စုနှင့်ဥရောပသမဂ္ဂ တို့၏ စီးပွားရေးအတွက် အပြုသဘောဆောင်သောရလဒ်များ ယူဆောင်လာမည်ဖြစ်ကြောင်း၊ ယခု အခွန်နှုန်းထားလျှော့ချသည့်အစီအစဉ်သည် လွတ်လပ်မျှတပြီး အပြန်အလှန်ဖြစ်သော အတ္တလန္တိတ် ဖြတ်ကျော်ကုန်သွယ်မှုကို ဖန်တီးပေးနိုင်မည့် ထပ်ဆောင်းသဘောတူညီချက်များဆီသို့ ဦးတည်သည့်လုပ်ငန်းစဉ်၏ စတင်မှုတစ်ခုဖြစ်ရန် မိမိတို့အနေဖြင့် ရည်ရွယ်ခြင်းဖြစ်သည်ဟု Lighthizer နှင့် Hogan တို့က ပြောကြားခဲ့ကြောင်းသိရသည်။

**Source: ဥရောပကော်မရှင်၊ Statement**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (3.9.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Sep. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | -100 | -1.01% | 9,900 | 9,900 | 9,800 | 751 | 7,404,900 | 27,112,747 | 265,705 |
| MTSH | 00002 | 3,600 | -50 | -1.37% | 3,650 | 3,650 | 3,600 | 3,369 | 12,146,850 | 38,929,150 | 140,145 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +500 | +2.33% | 21,500 | 22,000 | 21,500 | 322 | 6,984,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,750 | 2,750 | 2,700 | 409 | 1,104,550 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,000 | 3,100 | 3,000 | 26 | 79,650 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 430.12 | -1.60 | -0.37% | 431.07 | 433.25 | 430.12 | 4,878 | 27,727,950 | 6 | 639,995 |

**Index chart**



# Market Overview

As of 1:00 pm, 3rd Sep. 2020

| MYANPIX | 430.12 ▼1.60 |
|---|---|
| Total Volume (shares) | 4,878 |
| Total Value (MMK) | 28 mil |
| Listed Company | 6 |
| Market Cap. (MMK) | 639,995 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▼ 100 |
| MTSH | 00002 | 3,600 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |

TIR